dvbdebate.com   facebook.com/dvb.debateTwitter@dvbdebate

**DVB TV timetable**

| | | | |
|---|---|---|---|
| **Sun** | 19:15 | 21:00 | night repeat |
| **Mon** | 10:15 | 15:15 | 21:00 |
| **Wed** | 10:15 | 15:15 | 21:00 |
| **Fri** | 10:15 | 15:15 | 21:00 |

"ဒီဗွီဘီ ဒီဘိတ်" အချေအတင် ဆွေးနွေးပွဲ အစီအစဉ်ကို DVB Multimedia Group က စနေနေ့တိုင်း တိုက်ရိုက် ရိုက်ကူးပြီး ဒီဗွီဘီရုပ်သံလိုင်းမှာ တစ်ဖက်ပါ အစီအစဉ်အတိုင်း ထုတ်လွှင့် တင်ဆက်ပါတယ်။

DVB Debate ဟာ မိမိတို့ရဲ့ အတွေးအမြင် အယူအဆတွေကို လွတ်လပ်စွာ သဘောကွဲလွဲနိုင်ဖို့၊ အပြန်အလှန် နားလည်မှုတွေကို တည်ဆောက်နိုင်ဖို့၊ မြန်မာ့အနာဂတ် ပိုမိုကောင်းမွန်လာစေဖို့၊ လူ့အဖွဲ့အစည်းအတွင်းမှာ ရှိနေတဲ့ ပြဿနာတွေကို အဖြေရှာနိုင်ဖို့၊ လူတိုင်းပါဝင်နိုင်ပြီး မတူကွဲပြားတာတွေကို လက်ခံပေးနိုင်ဖို့၊ အချေအတင်ဆွေးနွေးတဲ့ ယဉ်ကျေးမှုပေါ်ထွက်လာစေဖို့ ရည်ရွယ်ပါတယ်။

မီဒီယာတွေနဲ့ အသင်းအဖွဲ့တွေကိုလည်း အခုလို လွတ်လပ် ပွင့်လင်းတဲ့ ဒီဘိတ်ရဲ့ အချေအတင် ဆွေးနွေးပွဲမှာ ပါဝင်ဖို့ကို ဖိတ်ခေါ်ပါတယ်။ အပတ်စဉ် သတင်းထုတ်ပြန်ချက်များ၊ သတင်းဓာတ်ပုံများနဲ့ ဒီဘိတ် ကာတွန်းကို ရုပ်သံရိုက်ကူးပြီး မကြာခင်မှာပဲ ဒီဗွီဘီဒီဘိတ်ရဲ့ ဖေ့စ်ဘုတ် စာမျက်နှာနဲ့ ဝက်ဘ်ဆိုက်မှာ ကြည့်ရှုနိုင်ပါတယ်။ ပြည်တွင်းမှာ ပြုလုပ်မယ့် အချေအတင် ဆွေးနွေးတဲ့ ဒီဘိတ်တွေကို ပံ့ပိုးကူညီဖို့ DVB Debate မှာ ရန်ပုံငွေ ရှိပါတယ်လို့ အသိပေးလိုပါတယ်။

# DVB DEBATE

ယခုအပတ် ဆွေးနွေးပွဲအတွက် မေးခွန်းကတော့

***"What are the best ideas for Rural Education?"***

ဖြစ်ပါတယ်။(ဇူလိုင် ၊၂၂၊၂၀၁၆ရိုက်ကူးသည်။)

❖ မှတ်ချက်ပေးလိုတာ၊ အကြံပြုလိုတာနဲ့ မေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၁ ၂၉၂၇၄၃ နဲ့ debate@dvb.no ကို ဆက်သွယ်ပြီး အဖွဲ့ဝင်တစ်ဦးဦးထံ မေးမြန်းနိုင်ပါတယ်။

**ဒီတစ်ပတ်မှာတော့ " ကျေးလက်ပညာရေး အကောင်းဆုံးဖြစ်အောင် ဘယ်လိုလုပ်ဆောင်ကြမလဲ" ဆိုတဲ့ ဒီဘိတ်ကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။**

မြန်မာနိုင်ငံမှာ နေထိုင်သူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းလောက် က ကျေးလက်မှာရှိပြီး ဆင်းရဲမွဲတေမှု ရာခိုင်နှုန်းအနေနဲ့ ဆိုရင်လည်း ကျေးလက်က မြို့ပြထက်နှစ်ဆ လောက်ပိုများနေတယ်လို့ သိရပါတယ်။ ကမ္ဘာ့ဘဏ်ရဲ့စီးပွားရေး ပရိုဂရမ်ခေါင်းဆောင် မစ္စတာ Khwima Nthara က "ကျေးလက်မှာနေတဲ့ လူတွေက ပညာရေးအဆင့် နိမ့်တယ်။ ကုန်ထုတ်လုပ်မှု တန်ဖိုးကလည်း မရှိသလောက်နည်းတယ်" လို့ သုံးသပ်ပါတယ်။

လက်ရှိမှာလည်း ကျေးလက်ဒေသတွေမှာ သွားလာရခက်ခဲပြီး ဖွံ့ဖြိုးမှုအားနည်းတာကြောင့် ပညာသင်ကြားသူနှင့် သင်ကြားရေး ဆရာ၊ဆရာမ များ ရေရှည်ခံနိုင်ရည်ရှိရန် အားနည်းလျက်ရှိပေသည်။ ရန်ကုန်ကဲ့သို့ မြို့ပြနှင့် သုံး၊ လေးနာရီမျှသာ သွားလာရတော့သည့် ဧရာဝတီတိုင်းကဲ့သို့သော နေရာမျိုး၌ပင် ယနေ့အချိန်ထိ ကျောင်းတက်ရန်အတွက် နာရီနှင့်ချီ၍ ရွှံ့များကို ဖြတ်ကာ သွားလာနေရသေးသော နေရာအချို့ရှိနေသေးသည်ဟု သိရသည်။ သို့သော်လည်း ယင်းနေရာမှပင် နိုင်ငံကျော် စာရေးဆရာကြီးများနှင့် အမျိုးသမီး ဂန်ကြီးတို့ ထွက်ပေါ်မှု ရှိလာ သကဲ့သို့ မိဘများ၏ ပညာရေးအားပေးမှု နည်းပါးခြင်းကြောင့် မူလတန်းအဆင့်ဖြင့်ပင် ကျောင်းထွက်ခဲ့ရသူတို့ အရေအတွက်မှာ ပမာဏခြင်းယှဉ်ပါက ပိုမိုများပြားမည်ဖြစ်ပေသည်။ ထို့အပြင် ဖွံ့ဖြိုးရေးအရောက်နောက်ကျနေသည့် အဆိုပါ ကျေးလက်များတွင် ရေးအစဉ်အလာတစ်အခုအဖြစ် တည်ရှိနေခဲ့သော အမျိုးသား၊အမျိုးသမီး ပညာသင်ယူနိုင်မှု အခွင့်အရေးအစွဲကြောင့်လည်း အချို့မှာ အခြေခံပညာအထက်တန်းထိသို့ပင် မရောက်ဘဲ ပညာရေး ရပ်တန့်ရမှုမှုများ ရှိနေပေသည်။

မြန်မာနိုင်ငံလူဦးရေ၏ ၃၄ ရာခိုင်နှုန်းသည် ကလေးသူငယ်များဖြစ်ကြပြီး အသက် (၅) နှစ်မှ (၁၈) နှစ်ကြား ကလေးငယ် ၄ဒသမ၄ သန်းခန့်သည် ကျောင်းမတက်ကြတော့ဘဲအသက်(၁၀) နှစ်မှ(၁၈)နှစ်ကြားကလေးငယ် ၁ဒသမ၆ သန်းမှာ အလုပ်လုပ်ကိုင်နေရသည်ဟု ယူနီဆက် (မြန်မာ) က သတင်းထုတ်ပြန်သည်။

ယနေ့မြန်မာ့လတ်တလော ပညာသင်ကြားရေးတွင် ချန်လှပ်ထားခဲ့၍ မဖြစ်သေးသော နောက်ထပ် ပညာရိပ်မြုံတစ်ခုမှာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများဖြစ်သည်။ မြန်မာနိုင်ငံရှိ အခြေခံလူတန်းစားတစ်ရပ်တို့အတွက် အထောက်အကူအဖြစ် အမှန်တကယ်လုပ်ဆောင်လျက်ရှိသော ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများကလည်း ငွေကြေးမတတ်နိုင်သူတို့အတွက် အားထားရာတစ်ခုအဖြစ် ရပ်တည်နေသည်။

အစိုးရမှ ကျောင်းနေအရွယ် ကလေးများ မသင်မနေရ အခမဲ့ပညာရေးစနစ်ဖြင့် သင်ကြားပေးလျက်ရှိနေသော်လည်း ယင်းမှာ မြို့ပြနှင့်အလှမ်းဝေးလွန်းသော ဝေးလံသီခေါင်သည့် အရပ်ဒေသများအတွက်မူ ယင်းအချက်ကမည်မျှအထောက်အကူပြုပေးနိုင်မည်နည်း။ ပညာရေးစနစ်ခေတ်နောက်ကျကျန်နေခဲ့မှု ၊ စာသင်ခန်းမှ တစ်ဆင့်လက်တွေ့ဘဝသို့ ဝင်ရောက်နိုင်မှု၊ သွားလာရေးအခက်အခဲ၊ မိဘများ၏ အသိပညာ စသည်တို့မှာ ကျောင်းနေအရွယ်ကလေးများ စောစီးစွာ ပညာရေး ရပ်တန့်ခဲ့ရသည့် အကြောင်းရင်း၏ နောက်ကွယ်တွင် ရှိသည့် အချက်အလက်တို့တွင် ပါဝင်နေသည်။

ယခုအခါ ဆရာ၊ဆရာမ လုပ်ကိုင်လိုသူ နည်းပါးလာမှု၊ လက်ရှိ ဆရာ၊ဆရာမ မလုံ လောက်မှုနှင့် သင်ကြားရေးတာဝန်သာမက အခြားတာဝန်များကိုပါတွဲဖက်လုပ်ကိုင်နေရမှုများ၊ လစာနှင့် ပံ့ပိုးမှု ကောင်းစွာ ထောက်ပံ့ပေးရန်လိုအပ်မှု စသည်တို့ကို ဖြေရှင်းရန်လည်း လိုအပ်နေပေသည်။

ဒီတစ်ပတ်ရဲ့ ဒီဗွီဘီ ဒီဘိတ်မှာ အထက်ပါအကြောင်းအရာအပေါ် မတူညီသည့် အမြင်ရှုထောင့်စုံတို့ကနေ ဆွေးနွေးတင်ဆက်မှာ ဖြစ်ပါတယ်။

## သူတို့အမြင်

"ပညာရေးစနစ်က ပြည်တွင်းနဲ့ ပြည်ပနဲ့ကွာတာ မဟုတ်ဘဲနဲ့ ပြည်တွင်းထဲမှာပဲ မြို့ကြီးနဲ့ နယ်က ကျောင်းသားတွေက တဖြည်းဖြည်းကွာလာတယ်။ ပညာရေး စနစ်တင်မဟုတ်ဘဲနဲ့ ဘေးက ပံ့ပိုးတာပါ ကွာလာတယ်။ နယ်က ကလေးတွေဆိုရင် အစိုးရဘက်ကအခမဲ့ပညာရေးပေးတယ်။ ဒါပေမဲ့ အခက်အခဲကကျောင်းတွေကို ကလေးတွေလာဖို့ကို မနည်းကြိုးစားနေရတယ်လို့ နယ်က ဆရာတစ်ယောက်က ပြောတယ်။ ကျရှုံးခဲ့တဲ့ ကလေးတွေမှာ ပတ်ဝန်းကျင်ပိုင်းဆိုင်ရာနဲ့ ဆိုင်တယ်။"
**ဦးအောင်ကျော်ဆန်း (Crown Education)**

"ကျောင်းပြင်ပ မူလတန်း  ပညာရေးကို မြေတောင်မြှောက်ပေးဖို့ ၂၀၁၄အမျိုးသားပညာရေး ဥပဒေမှာလည်း ပေါ်ပေါက်ခဲ့ပြီး၊ ကျောင်းပြင်ပမူလတန်းပညာရေး အစီအစဉ်ကို တွန်းအားပေးဖို့ Department of Alternative Education ဌာနလည်း မကြာမီ ပေါ်လာတော့မယ်"
**ဒေါက်တာဦးသန်းဦး** -  မြန်မာနိုင်ငံ စာတတ်မြောက်ရေးအထောက် အကူပြု ပင်မဌာန ဥက္ကဋ္ဌ

"ကျောင်းထွက်သွားတဲ့ ကလေးတွေ၊ ကျောင်းမတက်နိုင်တဲ့ ကလေးတွေ စာတတ်မြောက်မှု၊ စာတတ်မြောက်ပြီးတဲ့အခါမှာ ဝင်ငွေတိုးပွားရေး၊ အခြေခံသက် မွေးပညာ၊ ဘဝတွက်တာသင်ယူမှု လုပ်ငန်းတွေကို ဆောင်ရွက်မယ်"
**ဒေါက်တာခိုင်မြဲ** - မြန်မာနိုင်ငံ ပညာရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်

"တိုးချဲ့ခန့်မယ့် မူလတန်းပြ ဆရာ တစ်သိန်းကျော်ကို ဘယ်လိုပုံစံမျိုးနဲ့ ခန့်မှာလဲ။ ပညာရေး ကောလိပ်တွေကလည်း မူလတန်းပြဆရာကို ဘယ်လောက်အထိမွေးထုတ်ပေးနိုင်မလဲဆိုတာအသေးစိတ်မသိရသေးဘူး"
**အခြေခံပညာဦးစီးဌာနမှ ဦးစီးအရာရှိတစ်ဦး**

"အလွတ်ကျက်မှတ်ဖို့ကို အဓိကထားသင်ကြားနေတာကနေ အခုဆောင်ရွက်မယ့် သူငယ်တန်းမှာ ကလေးတစ်ဦးချင်းစီရဲ့ ဘက်စုံဖွံ့ဖြိုးမှုကို ရရှိစေမယ့် ရှေးဦးကလေးသူငယ်ဖွံ့ဖြိုးမှု၊ နိုင်ငံတကာစံနှုန်းနဲ့အညီ ကလေးတွေရဲ့ စဉ်းစားမှု၊ တွေးခေါ်မှုကို ရှင်သန်အောင် အစပျိုးပြုစုပေးမှာပါ"
**ဒေါက်တာ ဦးသန်းဦး** - နိုင်ငံတော်သမ္မတ၏ ပညာရေး အကြံပေး

## *Information links:*

www.7daydaily.com
**www.dvbdebate.net**
www.facebook.com/dvb.debate